MINISTRY OF HEALTH
MANATŪ HAUORA

New Zealand Government

# စိတ်ကျန်းမာရေး (မဖြစ်မနေ စစ်ဆေးမှုနှင့် ကုထုံး) အက်ဥပဒေ 1992 အရ

# သင့်အခွင့်အရေးများ

ဩဂုတ် **2019**

သင့်အား လေးစားမှုဖြင့် ဆက်ဆံရမည်ဆိုသော အခွင့်အရေးသင့်မှာ ရှိသည်။

- သင်၏ တရားဥပဒေရေးရာ အခြေအနေနှင့် စစ်ဆေးမှု၊ ကုသမှု ၊ သုံးသပ်မှု အတွက် ရှုမြင်ပုံအားလုံးကို သင့်အား အပြည့်အဝ အကြောင်းကြားရမည်ဆိုသော အခွင့်အရေး ရှိပါသည်။
- သင်၏ ဥပဒေရေးရာ လက်ရှိအခြေအနေအပေါ် မူတည်ပြီး သင့်အနေအထားကို တရားသူကြီး သို့မဟုတ် သုံးသပ်မှု ခုံအဖွဲ့ တစ်ခုခုအားတောင်းဆို ပြန်လည်သုံးသပ်စေခွင့် ရှိပါသည်။ တရားရေး စုံစမ်းမှုကိုလည်း ပြုလုပ်နိုင်ပါသည်။
- သင်၏ ယဉ်ကျေးမှုထုံးတမ်းစဉ်လာနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ယုံကြည်မှုများအပေါ် လေးစားမှုရှိရမည်ဆိုသော ရပိုင်ခွင့် သင့်တွင်ရှိသည်။ သင့်ကို စစ်ဆေးမှု သို့မဟုတ် သုံးသပ်မှုပြုလုပ်စဉ်တွင် သင့်ဘာသာစကား ပြောဆိုသူ သို့မဟုတ် သင့်မိသားစု သို့မဟုတ် whānau မှ တစ်စုံတစ်ယောက်၊ မိတ်ဆွေ သို့မဟုတ် ကူညီပေးသူ တစ်စုံတစ်ယောက်ကို ခေါ်ထားနိုင်သည်။
- သင့်အခြေအနေနှင့် ဆီလျော်သည့် ကုသမှု သို့မဟုတ် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုကို ခံယူပိုင်ခွင့် ရှိသည်။ ၎င်းမစတင်မီ သင့်ကုသမှု၏ ကောင်းကျိုးနှင့် ဆိုးကျိုးများကို သင့်အား ပြောပြရမည်။
- သင့်အားကုသမှုအပေါ် ဗီဒီယိုနှင့် အသံဖမ်းယူမှုများ ပြုလုပ်ခြင်း သို့မဟုတ် ရိုက်ကူးဖမ်းယူထားသော အရာများအသုံးပြုခြင်းတို့ကို ငြင်းဆိုပိုင်ခွင့် ရှိသည်။
- အခြားသော စိတ်ရောဂါပညာရှင်၏ ထင်မြင်ယူဆချက်ကို မေးမြန်းပိုင်ခွင့် ရှိသည်။
- လူနာတစ်ဦးအနေဖြင့် သင့်အခွင့်အရေးများနှင့် လက်ရှိ အခြေအနေ သို့မဟုတ် အခြားကိစ္စရပ်တို့နှင့် ပတ်သက်ပြီး အကြံဉာဏ်ရယူရန် ရှေ့နေတစ်ဦး တောင်းဆိုပိုင်ခွင့် ရှိသည်။
- အခြားသူများအား အနားတွင်ခေါ်ထားပိုင်ခွင့် ရှိသည်။ သင့်ကိုစောင့်ရှောက်ရန် သို့မဟုတ် ကုသစဉ် သို့မဟုတ် အခြားသူများ ရန်ပြုခြင်းမှ ကာကွယ်ရန် အတွက်လိုအပ်သောအခါမှသာ ထိုသို့ခေါ်ထားခြင်းကို ပြုလုပ်နိုင်သည်။
- သင့်လျော်သည့်အချိန်များတွင် သင့်ထံသို့ ဧည့်သည်များလာရောက်ခွင့်နှင့် ဖုန်းအသုံးပြုခွင့် ရှိသည်။ စာများကို ဖွင့်ဖောက်မခံရဘဲ ပေးပို့ခြင်း၊ လက်ခံခြင်း ပြုလုပ်နိုင်သည်။ သင့်ကိုတာဝန်ယူကုသသူက ဤအခွင့်အရေးများကို သတ်မှတ်ထားသော အကြောင်းပြချက် တစ်ခုအတွက်သာ ကန့်သတ်နိုင်သည်။

## ဤလုပ်ဆောင်မှုများသည် ကျွန်ုပ်အတွက် မည်မျှကြာ အကျုံးဝင် သက်ရောက်ပါမည်နည်း။

- ပထမအကြိမ် စစ်ဆေးမှုမှာ ၅ ရက်အထိ ကြာနိုင်သည်။
- နောက်ထပ် စစ်ဆေးမှုနှင့် ကုသမှုလိုအပ်လျှင် ဒုတိယအကြိမ် စစ်ဆေးမှု ကာလသည် ၁၄ ရက်အထိ ကြာနိုင်သည်။
- သင့်ကိုထွက်ခွာခွင့်ပေးရန် မသင့်လျော်သေးလျှင် နောက်ထပ် မဖြစ်မနေ ကုသခံရမှုအမိန့်အတွက် လျှောက်ထားမှု ပြုလုပ်ခံရမည်။
- မဖြစ်မနေ ကုသခံရမှုအမိန့်များကို အနည်းဆုံး ၆ လတစ်ခါ သုံးသပ်သည်။

## ကုသမှုကို ငြင်းဆိုနိုင်ပါသလား။

- စစ်ဆေးမှု၏ ကနဦး (၅ ရက်) ၊ ဒုတိယ (၁၄ ရက်) ၊ နောက်ဆက်တွဲ ရောဂါပြန်စစ်ချိန်နှင့် မဖြစ်မနေ ကုသခံရမှုအမိန့် ချပါက ပထမ တစ်လ စသည့်ကာလအတွင်း ကုသမှုအတွက် သင် သဘောတူမထားသော်လည်း ကုသမှုကိုရယူရန် လိုအပ်နိုင်ပါသည်။
- ထိုအချိန်ပြီးနောက်တွင် ကုသမှုအတွက် သင့်သဘောတူညီမှု လိုအပ်ပါသည်။ သဘောတူညီမှုပေးရန် ငြင်းဆိုပါက ခွင့်ပြုချက်ရရှိထားသော ဒုတိယ စိတ်ရောဂါအထူးကုက ကုသမှုခံယူခြင်းသည် သင့်အတွက် အသင့်တော်ဆုံးဖြစ်သည်ဟု ဆုံးဖြတ်မှသာလျှင် ကုသမှုခံရပါမည်။

## ကျွန်ုပ်၏ အခွင့်အရေးများကို မည်သူနှင့် ဆွေးနွေးနိုင်သနည်း။

သင့်အားဆက်ဆံပုံကို မနှစ်သက်လျှင် သို့မဟုတ် သင့်အခွင့်အရေးများနှင့် ပတ်သက်ပြီး မေးစရာရှိလျှင် အကူအညီတောင်းခွင့် ရှိသည်။

အောက်ပါတို့အနက် တစ်ဦးဦးနှင့် ဆက်သွယ်ရန် ဝန်ထမ်းများကို အကူအညီတောင်းပါ-

- ခရိုင် စုံစမ်းရေးမှူး (သင် အဖိုးအခမပေးရဘဲ မကျေနပ်မှုများကို  စုံစမ်းစစ်ဆေးနိုင်ပြီး သင့်အခွင့်အရေးများအား အကြံပြုနိုင်သော ရှေ့နေများ)
- သင့်ကိုယ်ပိုင် ရှေ့နေ (သင့်တွင် ရှေ့နေမရှိလျှင် ဝန်ထမ်း သို့မဟုတ် ခရိုင် စုံစမ်းရေးမှူးက သင့်အတွက် အကြံပြုချက် ပေးနိုင်ပါသည်။ ရှေ့နေမတတ်နိုင်လျှင် ဥပဒေရေးရာ အကူအညီက ကုန်ကျစရိတ်ကို ပံ့ပိုးနိုင်ပါသည်။)
- ကျန်းမာရေးနှင့် မသန်စွမ်းမှုဆိုင်ရာ ကော်မရှင်နာရုံး (ကော်မရှင်နာရုံးက သင့်အခွင့်အရေးများနှင့် ပတ်သက်၍ အကြံပြုနိုင်ပြီး မကျေနပ်ချက်များကိုလည်း စုံစမ်းနိုင်ပါသည်)
- လူနာအား ကူညီပေးသူ (လူနာ၏ အခွင့်အရေးများနှင့် ပတ်သက်ပြီး အထူးစိတ်ဝင်စားသည့် ပုဂ္ဂိုလ်များ ရှိပါသည်)။

MINISTRY OF HEALTH
MANATŪ HAUORA

ဩဂုတ် 2019